KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဒီဇင်ဘာလ ၁၄ရက်, ၂၀၁၅/KHRG စာအမှတ်-15-9-NB1

# နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၄ မှအဓမ္မစေခိုင်းခြင်း နှင့် ဖာပွန်ခရိုင်အတွင်းရှိရွာများတွင်စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်ခြင်းဆိုင်ရာတင်ပြချက် ၂၀၁၅ ခုနှစ် ဇွန်လ

၂၀၁၅ ခုနှစ် ဇွန်လတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံကွင်းဆင်းလုပ်သားတစ်ဦးမှ အ... ရွာနေဒေသခံတစ်ဦးနှင့်တွေ့ဆုံရာတွင် ၎င်းဒေသခံမှ နယ်ခြားစောင့်တပ် BGFမှချိုးဖောက်ကျူးလွန်သော အဓမ္မစေခိုင်းမှုဖြစ်ရပ်အားတင်ပြခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဒုတပ်ခွဲမှူးမိုးဟိန်း မှဦးဆောင်သောအဖွဲ့တစ်ဖွဲ့ ၎င်း၏စကားပုက်အမည်မှာ ဖလာသူးနှင့် အခြားသောတပ်သားတစ်ဦး၏ စကားပုက်အမည် ပလာယူးစေး ခေါ် နယ်ကြားစောင့်တပ် BGF တပ်ရင်းအမှတ် ၁၀၁၄ မှစစ်သားတစ်ဖွဲ့ သည် ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မဲပရီကျေးရွာစုအတွင်းရှိ အ... ရွာတွင်ရှိသောရွာသားများအား တပ်စခန်းအတွက် ရေများခပ်ခိုင်းခြင်း ဟင်းသီးဟင်းရွက်များခူးပေးရန်စေခိုင်းခြင်းနှင့် တပ်စခန်းအတွက် ထင်းများစုဆောင်းခြင်းများ အစရှိသောအဓမ္မစေခိုင်းမှုများလုပ်ဆောင်စေခဲ့ ပါသည်။ တပ်စခန်းသို့တစ်ကြိမ် လျှင်သုံးရက် ရွာသား ၅ ယောက်အလှည့်ကျ သွားရောက်၍ လုပ်ကိုင်ဆောင်ရွက် ပေးရပါသည်။ နယ်ခြားစောင့်တပ်များက ထိုသူတို့၏လုပ်အားများအတွက် လုပ်အားခငွေကြေး ပေးဆောင်ခြင်းမရှိပါ။ ၎င်းစေခိုင်းမှုများနှင့်စပ်လျှင်း၍ ရွာသားတစ်ဦးတစ်ယောက်က တစ်စုံရာအကြောင်း တစ်ခုခုကြောင့် မသွားရောက်လုပ်ပေးနိုင်ခဲ့လျှင် အခြားရွာသားတစ်ယောက်မှ ကိုယ်စားသွားပေးရပါသည်။ ၎င်းကိုယ်စား တစ်ဦးလျှင် ၅၀၀၀ ကျပ်ငွေရမ်းခပေးရပါသည်။ ၂၀၁၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ကရင်အမျိုး သားလွတ်မြောက်ရေးတပ် KNLA စစ်သားများ ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မဲပရီကျေးရွာစုတွင်းရှိ ဒ... ရွာဝင်ရောက်လာခြင်းကိုရွာသားများမှထင်ရှားစွာသတိပြုခဲ့မိသည်။ ၎င်းတို့ဝင်ရောက်လာခြင်းသည် ရွာသား များအား ထိတ်လန့်စေခဲ့ပြီး ရွာသားများမှ ရွာအတွင်းသို့တစ်ချိန် တည်း ၌ပင် ဝင်ရောက်ခဲ့သော နယ်ကြား စောင့်တပ် BGF နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ် KNLA တို့အကြား တိုက်ပွဲဖြစ်ပွား မည်ကိုစိုးရိမ်ထိတ်လန့်မိခဲ့ကြသည်။ ထို့ကြောင့်ရွာသားများသည် ကတုတ်ကျင်းထဲတွင် ပုန်အောင်းခဲ့ကြ ပါသည်။ ခဏအကြာတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်များ ရွာမှဆုတ်ခွာခဲ့ကြသည်။ ထို့နောက်နယ်ခြားစောင့်တပ်(BGF)မှ ရည်ရွယ်ချက်ရှိရှိ ရွာတွင်းသို့ဝင်ရောက်ခဲ့ကြသည်။ ရွာအတွင်းသို့ ၎င်းတို့ရောက်ရှိခဲ့ချိန်တွင် ရွာသားများအားသေနတ်ဖြင့်ချိန်ရွယ်၍ အဘယ်ကြောင့်ကတုတ်ကျင်းအတွင်း ဝင်ရောက်ပုန်းအောင်းနေခဲ့ကြကြောင်းမေးမြန်း၍ ၎င်းရွာသားများအားထွက်လာခိုင်းစေခဲ့သည်။ ၎င်းတို့

သည် (BGF)နယ်ခြားစောင့်တပ်အဖွဲ့ဝင် တပ်ရင်းအမှတ် ၁၀၁၄ ၏လက်အောက်ခံဖြစ်ပြီး ဒုတပ်ခွဲမှူးမိုးဟိန်း မှဦးဆောင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်ဇွန်လ ၁၄ ရက်တွင် ခြေမြန်တပ်မအမှတ် (၂၂) မှတပ်မတော်စစ်သားများ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျော့ပါးကျေးရွာစုအတွင်းရှိ ဘ... ရွာအတွင်းသို့ဝင်ရောက်ခဲ့သည်။ ၎င်းတပ်မတွင် မြန်မာအစိုးရတပ်မတော်မှတပ်သား ၃၅ ယောက်နှင့် နယ်ကြားစောင့်တပ် ၂ ယောက် စုစုပေါင်း ၃၇ ယောက်ပါဝင်သည်။ ၎င်းတို့သည်လက်နက်ကြီး များနှင့်တကွ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၏ တားမြစ်နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ကြ သည်။ ၎င်းတို့သည် ထိုကဲ့သို့လုပ်ဆောင်ရခြင်းမှာ ကရင်အမျိုးသားလက်နက်ကိုင်တပ်များ အစည်းအ ဝေးကျင်းပမည်ကို သတင်းရရှိထားခဲ့သောကြောင့်ဖြစ်ပြီး ၎င်းတို့၏ပျံ့နှံ့တည်ရှိခြင်းကိုဖော်ပြလိုခြင်း ကြောင့် ဖြစ်သည်။ထိုအစည်းအဝေးတွင် နယ်ခြားစောင့်တပ်( BGF)၊ ဒီမိုကရေစီအကျိုးပြုတပ်မတော်(DKBA)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်(KNLA)၊ ကရင်ငြိမ်းချမ်းရေးတပ်(KPF) နှင့် ငြိမ်းချမ်းရေးကောင်စီ (KNU/KNL-PC) အဖွဲ့များအစရှိသည်တို့ စ... ရွာတွင်တက်ရောက်ကြ မည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ [1]

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံအဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည်အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

## Mu Traw (Hpapun) District




Karen Human Rights Group (KHRG)